# ACCESSIBILITY AUDIT MANUAL

# လွယ်ကူစွာလက်လှမ်းမီ ရယူသုံးစွဲနိုင်မှု စစ်ဆေးခြင်း လမ်းညွှန်လက်စွဲ

ဇွန်လ ၂၀၂၆ ခုနှစ်




ပြုစုရေးသားသူ - နေလင်းစိုး

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့

## စဉ် မာတိကာ Table of Contents စာမျက်နှာ


၁။ လက်စွဲ၏ရည်ရွယ်ချက်....2

၂။ လက်စွဲ၏လွှမ်းခြုံမှုနယ်ပယ်....2

၃။ လက်စွဲ၏အခြေခံမှုများ....2

၄။ လက်စွဲကို ဘယ်သူတွေ အသုံးပြုရမလဲ....2

၅။ ရုပ်ပိုင်း/ပတ်ဝန်းကျင်ပိုင်းဆိုင်ရာ လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှုအတွက် ရှိရမည့်အနိမ့်ဆုံးစံနှုန်းများ....2

၆။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတွင် ထည့်သွင်းစီမံဆောင်ရွက်ရမည့်အရာများ....5

၇။ မသန်စွမ်းမှုအလိုက် လက်လှမ်းမီသုံးစွဲနိုင်သည့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းလမ်းနှင့် ပညာပေးပစ္စည်းအမျိုးအစားများ....5

၈။ ဆောင်ရွက်ရမည့်နည်းလမ်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်....6

၉။ လွယ်ကူစွာလက်လှမ်းမီသုံးစွဲနိုင်မှုစစ်ဆေးခြင်းမေးခွန်းလွှာ Accessibility Audit Questionnaires ....8

၁၀။ လွယ်ကူစွာလက်လှမ်းမီသုံးစွဲနိုင်မှုစစ်ဆေးခြင်းလုပ်ငန်းအစီအရင်ခံစာပုံစံ Accessibility Audit Report Template....36

၁၁။ ရည်ညွှန်းကိုးကားချက်များ....38

# Accessibility Audit Guidelines

## ၁။ လက်စွဲ၏ရည်ရွယ်ချက်

မသန်စွမ်းသူများ၏လက်လှမ်းမီမှုနှင့်ပါဝင်ခွင့်ကို ကန့်သတ်ထားသော အတားအဆီးများကို ဖော်ထုတ်ပြီး လူတိုင်းလက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော အားလုံးအကျုံးဝင် အများသုံးအဆောက်အဦး၊ ဝန်ဆောင်မှုနှင့် စနစ်များ ဖော်ဆောင်ရာတွင် လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုနိုင်ရန်။

## ၂။ လက်စွဲ၏လွှမ်းခြုံမှုနယ်ပယ်

| | | |
|---|---|---|
| ၁ | မူဝါဒ၊ စနစ်နှင့် ကျင့်သုံးမှုများ | အားလုံးအကျုံးဝင်မှုနှင့် လက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာ မူဝါဒ၊ စနစ်၊ ယန္တရားနှင့် ကျင့်သုံးမှုများ ပါဝင်သည်။ |
| ၂ | ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင် | အဆောက်အဦး၊ ဆက်စပ်ပတ်ဝန်းကျင်နှင့် အသုံးအဆောင်ပစ္စည်းများ ပါဝင်သည်။ |
| ၃ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | သတင်းအချက်အလက်ကောက်ယူစုဆောင်းမှု၊ ဖြန့်ဝေမှုနှင့် စီမံခန့်ခွဲမှု၊ ဆက်သွယ်ရေးပလက်ဖောင်းများနှင့် ပညာပေးပစ္စည်းများ ထုတ်လုပ်ဖြန့်ချီမှုတို့ ပါဝင်သည်။ |

## ၃။ လက်စွဲ၏အခြေခံမှုများ

- ကမ္ဘာသုံးပုံစံ/အများသုံးပုံစံ
- အားလုံးပါဝင်မှုနှင့်အကျုံးဝင်မှု
- အခွင့်အရေးအခြေပြုချဉ်းကပ်လုပ်ဆောင်မှု


## ၄။ လက်စွဲကို ဘယ်သူတွေ အသုံးပြုရမလဲ

ဤလက်စွဲကို မည်သူမဆို အသုံးပြုနိုင်ပါသည်။ မသန်စွမ်းမှုသဘောတရား၊ အလွယ်တကူလက်လှမ်းမီရယူ သုံးစွဲနိုင်မှုနှင့် ကမ္ဘာသုံး/အများသုံးပုံစံအကြောင်း အတွေ့အကြုံရှိသူများ အသုံးပြုလျှင် ပိုမိုထိရောက် ကောင်းမွန်ပါသည်။ အတားအဆီးအမျိုးမျိုးကို ကိုယ်တိုင်ကြုံတွေ့ခံစားရဖူးသော မသန်စွမ်းသူများ ပါဝင်အသုံးပြုလျှင် အထိရောက်ဆုံးဖြစ်ပါလိမ့်မည်။

## ၅။ ရုပ်ပိုင်း/ပတ်ဝန်းကျင်ပိုင်းဆိုင်ရာ လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှုအတွက် ရှိရမည့်အနိမ့်ဆုံးစံနှုန်းများ

| **Facilities** | **ရှိရမည့်အနိမ့်ဆုံးစံနှုန်း၊ အတိုင်းအတာနှင့် အင်္ဂါရပ်များ** |
|---|---|
| | |

| | |
|---|---|
| စကြ်န်လျှောက်လမ်း | စကြ်န်လျှောက်လမ်း၏ဖျက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိရမည်၊ |
| လက်ကိုင်တန်း | လက်ကိုင်တန်းသည် ကြမ်းပြင်မှ အမြင့် ၇၀ နှင့် ၉၀ စင်တီမီတာအကြားတွင် ရှိရမည်။<br>လက်ကိုင်တန်း၏လုံးပတ်အချင်းသည် ၄ နှင့် ၅ စင်တီမီတာအကြား ရှိရမည်။<br>လက်ကိုင်တန်းသည် နံရံတွင် တွဲဆက်ထားပါက လက်ကိုင်တန်းနှင့် နံရံကြား အကွာအဝေးသည် အနည်းဆုံး ၄.၅ စင်တီမီတာထက်မနည်း ရှိရမည်။ လက်ကိုင်တန်းအရောင်နှင့် နံရံအရောင်သည် ကွဲပြားရမည်။ |
| ဆင်ခြေလျှောလမ်း | ဆင်ခြေလျှောလမ်း၏ဖြက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိရမည်။<br>ဆင်ခြေလျှော၏ပြေပြစ်မတ်စောက်မှုအချိုးသည် အမြင့် ၁ ပေရှိတိုင်း အလျား အနည်းဆုံး ၁၀ ပေစီ ရှိရမည်။ အကောင်းဆုံးအချိုးမှာ ၁း၁၂ ဖြစ်ပါသည်။ ဆင်ခြေလျှောလမ်း မျက်နှာပြင်သည် ချောမွတ်မနေရ။ ဆင်ခြေလျှောလမ်း၏ ဘေးနှစ်ဘက်တွင် လက်ကိုင်တန်းများ ရှိရမည်။<br>ဆင်ခြေလျှောလမ်းအဝင်နား (လူမြင်သာသည့်နေရာ)တွင် အောက်ပါပုံ ပြထားရမည်။<br> |
| လှေကားနှင့်<br>လှေကားထစ်များ | လှေကား၏ဖြက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိရမည်။<br>လှေကားထစ်၏ခြေနင်းပြားအကျယ်သည် ၃၀ စင်တီမီတာနှင့် လှေကားထစ်၏အမြင့်သည် ၁၅ စင်တီမီတာ ရှိရမည်။ လှေကားထစ်မျက်နှာပြင်သည် ချောမွတ်မနေရ။<br>လှေကား၏ဘေးနှစ်ဘက်တွင် လက်ကိုင်တန်းများ ရှိရမည်။ |
| ကော်ရစ်ဒါ | ကော်ရစ်ဒါ၏ဖြက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိရမည်။ အကာအရံ ရှိရမည်။ |
| တံခါးမကြီး | တံခါးဝအကျယ်သည် အနည်းဆုံး ၉၀ စင်တီမီတာနှင့် တံခါးအမြင့်သည် အနည်းဆုံး ၂၀၀ စင်တီမီတာ ရှိရမည်။ ဆလိုက်လျှောတံခါးဖြစ်လျှင် ပိုမိုကောင်းမွန်ပါသည်။<br>တံခါးလက်ကိုင်သည် ကြမ်းပြင်မှ အမြင့် ၈၅ နှင့် ၁၁၀ စင်တီမီတာ (အများဆုံး ၁၂၀ စင်တီမီတာ) အကြား ရှိရမည်။ တံခါးလက်ကိုင်နှင့် တံခါးရွက်အကြား အကွာအဝေးသည် အနည်းဆုံး ၄.၅ စင်တီမီတာ ရှိရမည်။ တံခါးလက်ကိုင်သည် အရှည်ဖြစ်လျှင် ပိုမိုကောင်းမွန်ပါသည်။<br>တံခါးလက်ကိုင်၏အရောင်သည် တံခါးမကြီး၏အရောင်နှင့် ကွဲပြားရမည်။<br>တံခါးမကြီး၏အောက်ခြေတွင် အထစ်မရှိရပါ။ |
| စားပွဲနှင့် ထိုင်ခုံ | စားပွဲအမြင့်သည် ၇၅ နှင့် ၈၀ စင်တီမီတာအကြား ရှိရမည်။ အောက်ခြေတွင် ချုပ်တန်းများ မရှိရ။<br>ထိုင်ခုံ၏နောက်ဘက်ကျောမှီအမြင့်သည် ကြမ်းပြင်မှ အနည်းဆုံး ၇၀ စင်တီမီတာနှင့်အထက် ရှိရမည်။ ဖင်ထိုင်သည့်နေရာအမြင့်သည် ကြမ်းပြင်မှ ၄၅ စင်တီမီတာခန့်တွင် ရှိရမည်။<br>အစည်းအဝေးခန်း (သို့) သင်တန်းခန်းမအတွင်း စားပွဲနှင့်ထိုင်ခုံများ စီစဉ်ပါက ရှေ့နောက်ကြားလျှောက်လမ်းများအကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိရမည်။ |
| မီးခလုတ်၊<br>မီးချောင်း/မီးလုံးနှင့်<br>ဆိုင်းဘုတ် | မိန်းခလုတ်နှင့် မီးခလုတ်များသည် ကြမ်းပြင်မှ အမြင့် ၉၀ နှင့် ၁၂၀ စင်တီမီတာအကြားတွင် ရှိရမည်။<br>နံရံတွင်ကပ်ထားသော လမ်းညွှန်နှင့်သတင်းအချက်အလက်ပြဆိုင်းဘုတ်များသည် ကြမ်းပြင်မှ အမြင့် ၉၀ နှင့် ၁၈၀ စင်တီမီတာအကြားတွင် ရှိရမည်။ |
| သန့်စင်ခန်း | သန့်စင်ခန်း၏အလျားသည် အနည်းဆုံး ၁၈၀ စင်တီမီတာနှင့် အနံသည် အနည်းဆုံး ၁၅၀ စင်တီမီတာ ရှိရမည်။ ဘိုထိုင်ကမုတ်ခုံအမြင့်သည် ၄၅ နှင့် ၅၀ စင်တီမီတာအကြားတွင် ရှိရမည်။<br>အထိုင်/အထပြုလုပ်ရာတွင် အသုံးပြုသည့် ဘေးဘက်ရှိ လက်ကိုင်တန်းများသည် အမြင့် ၄၈ နှင့် ၇၀ စင်တီမီတာအကြားတွင် ရှိရမည်။ လက်ကိုင်တန်း၏လုံးပတ်အချင်းသည် ၄ နှင့် ၅ |

| | |
|---|---|
| | စင်တီမီတာအကြား ရှိရမည်။ လက်ကိုင်တန်းများကို အရွယ်ရောက်ပြီးသူတစ်ဦး၏အလေးချိန် ခံနိုင်အောင် ခိုင်ခံ့မြဲမြံစွာ တပ်ဆင်ထားရမည်။ သန့်စင်ခန်း၏ကြမ်းခင်းမျက်နှာပြင်သည် ချောမွတ်ခြောက်သွေ့နေရပါမည်။ သန့်စင်ခန်းသည် ရေချိုးခန်းနှင့်တွဲဖက်အသုံးပြုပါက ဝှီးချဲလ်အသုံးပြုသူအတွက် လုံလောက်သည့်အကျယ်အဝန်းရှိရမည်။ |
| ရေချိုးခန်း | ရေချိုးခန်း၏အလျားသည် အနည်းဆုံး ၁၈၀ စင်တီမီတာနှင့် အနံသည် အနည်းဆုံး ၁၅၀ စင်တီမီတာ ရှိရမည်။ ရေချိုးခန်းရှိ လက်ကိုင်ရေပန်းသည် အနိမ့်အမြင့်ချိန်ညှိနိုင်သော အနေအထားဖြစ်ရမည်ဖြစ်ပြီး ကြမ်းပြင်မှ အမြင့် ၁၂၀ စင်တီမီတာအတွင်းတွင် ရှိရမည်။ ရေချိုးခန်းအတွင်းတွင် အမြင့် ၄၅ နှင့် ၅၀ စင်တီမီတာအကြားရှိသော တောင့်တင်းသည့် ရေစိုခံထိုင်ခုံတစ်ခု ထားရှိရမည်။ အထိုင်/အထပြုလုပ်ရာတွင် အသုံးပြုသည့် ဘေးဘက်ရှိ လက်ကိုင်တန်းများသည် အမြင့် ၄၈ နှင့် ၇၀ စင်တီမီတာအကြားတွင် ရှိရမည်။ လက်ကိုင်တန်း၏လုံးပတ်အချင်းသည် ၄ နှင့် ၅ စင်တီမီတာအကြား ရှိရမည်။ လက်ကိုင်တန်းများကို အရွယ်ရောက်ပြီးသူတစ်ဦး၏အလေးချိန် ခံနိုင်အောင် ခိုင်ခံ့မြဲမြံစွာ တပ်ဆင်ထားရမည်။ ရေချိုးခန်း၏ကြမ်းခင်းမျက်နှာပြင်သည် ချောမွတ်မနေရ။ ရေချိုးခန်းအတွင်းတွင် ဆပ်ပြာ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါနှင့် သဘက်တို့ ထားရှိပါက ဝှီးချဲလ်အသုံးပြုသူ လက်လှမ်းမီသည့်အနေအထား ရှိရမည်။ ရေချိုးခန်းတံခါးသည် ဆလိုက်လျှောတံခါးဖြစ်လျှင် ပိုမိုကောင်းမွန်ပါသည်။ |
| လက်ဆေးဘေစင် | လက်ဆေးဘေစင်အမြင့်သည် ကြမ်းပြင်မှ ၈၀ နှင့် ၈၅ စင်တီမီတာအကြားတွင် ရှိရမည်။ လက်ဆေးဘေစင်နှင့် ကြမ်းပြင်အကြားတွင် နေရာလွတ်ဖြစ်ရမည်။ လက်ဆေးဘေစင်တွင် ကြည့်မှန်ထားရှိပါက အရပ်ပုသူနှင့် ဝှီးချဲလ်အသုံးပြုသူများ လက်လှမ်းမီနိုင်သည့်အနေအထား ဖြစ်ရမည် (ဆုံလည်မှန် ဖြစ်လျှင် ပိုမိုကောင်းမွန်ပါသည်)။ |
| မီးသတ်ဆေးဗူး | မီးသတ်ဆေးဗူးထားရှိသည့်အမြင့်သည် ကြမ်းပြင်မှ ၄၅ နှင့် ၁၂၀ စင်တီမီတာအကြားတွင် ရှိရမည်။ မီးသတ်ဆေးဗူးနှင့် ကြမ်းပြင်အကြားတွင် နေရာလွတ်ဖြစ်ရမည်။ မီးသတ်ဆေးဗူးထားရှိရာနေရာသို့ လာရာလျှောက်လမ်းသည် အနည်းဆုံးဗျက်အကျယ် ၁၂၀ စင်တီမီတာ ရှိရမည်။ |
| အိပ်ရာကုတင် | ကုတင်၏အမြင့်သည် ကြမ်းပြင်မှ ၄၃ စင်တီမီတာနှင့် ၅၈ စင်တီမီတာအကြားတွင် ရှိရမည်။ ကုတင်တစ်ခုနှင့်တစ်ခုအကြားတွင် ဝှီးချဲလ်အသုံးပြုသူများ သွားလာရန်အတွက် အနည်းဆုံး ၁၂၀ စင်တီမီတာအကျယ် ရှိရမည်။ |
| ဧည့်ကြိုကောင်တာ | ဧည့်ကြိုကောင်တာတွင် အနည်းဆုံးတစ်နေရာသည် မသန်စွမ်းသူ (အထူးသဖြင့် အရပ်ပုသူနှင့် ဝှီးချဲလ်အသုံးပြုသူ) လက်လှမ်းမီအသုံးပြုနိုင်သည့်အနေအထားရှိရမည်ဖြစ်ပြီး ယင်း၏အမြင့်သည် ကြမ်းပြင်မှ ၇၅ စင်တီမီတာနှင့် ၈၀ စင်တီမီတာအကြား ရှိရမည်။ အောက်ခြေတွင် နေရာလွတ်အနေအထားဖြစ်ရမည်။ |
| ကားပါကင် |   ကားပါကင်ရှိ ကားရပ်နားရန်နေရာတွင် Wheelchair Accessible အနည်းဆုံးတစ်နေရာ ရှိရမည်။ မြင်သာသည့်ဝှီးချဲလ်ပုံအမှတ်အသားဖြင့် ဖော်ပြထားရမည်။ ကားအစီးရေများလျှင် ၁၀ ရာခိုင်နှုန်းအချိုးဖြင့် စီစဉ်ထားပေးနိုင်ပါသည်။ Wheelchair Accessible ကားပါကင်နေရာရှိ ကားနှစ်စီးအကြားနေရာလွတ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာရှိရမည်။ ဝင်ပေါက် သို့မဟုတ် ဓါတ်လှေကားနှင့် အနီးဆုံးနေရာ (မီတာ ၃၀ အတွင်း)တွင် ထားရှိရမည်။ |

## ၆။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတွင် ထည့်သွင်းစီမံဆောင်ရွက်ရမည့်အရာများ

| | |
|---|---|
| သတင်းအချက်အလက်၊ ဆက်သွယ်ရေး၊ ပညာပေးနည်းလမ်းနှင့် ပစ္စည်းများ | ▪ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် ပညာပေးပစ္စည်းများကို ပုံနှိပ်စာရွက်/စာစောင်/စာအုပ်၊ ပိုစတာတို့အပြင် အသံဖိုင်၊ ရုပ်ပုံ၊ ဗွီဒီယို၊ လက်သင်္ကေတပြဘာသာစကား၊ မျက်မမြင်လက်စမ်းစာ၊ အီလက်ထရောနစ်ဖားရှင်း အစရှိသည့် မသန်စွမ်းသူများ လက်လှမ်းမီနားလည်နိုင်သောပုံစံဖြင့် ပုံစံတစ်မျိုးမက စီမံထုတ်လုပ်ဖြန့်ဝေရမည်။ သက်ဆိုင်ရာ ဒေသအလိုက် ဒေသသုံးဘာသာစကားဖြင့်လည်း ဆောင်ရွက်ရမည်။ (အားလုံးအကျုံးဝင်နိုင်မှုအပေါ် မိမိအဖွဲ့အစည်း၏ ကတိကဝတ်ပြုမှုနှင့် ဆောင်ရွက်နိုင်စွမ်း ရင်းမြစ်ပေါ် မူတည်သည်)<br>▪ ပုံနှိပ်စာလုံးနှင့်ရုပ်ပုံ အရောင်၊ အရွယ်အစားနှင့် နေရာအထားအသိုတို့သည် ရှင်းလင်းပြီး နားလည်ရလွယ်ကူသည့်အနေအထားဖြစ်ရမည်။ လိုအပ်ပါက သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်တိုင်ပင်ဆောင်ရွက်ပါ။<br>▪ ဗွီဒီယိုပြုလုပ်သည့်အခါ အသံ၊ ရုပ်တို့ဖြင့်ဖော်ပြခြင်းအပြင် စာတမ်းထိုးခြင်း၊ လက်ဂေါ်တပြဘာသာစကား ထည့်သွင်းခြင်းတို့ ပြုလုပ်ရမည်။ ယင်းအတွက် သက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။<br>▪ ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များကို အမြင်အာရုံမသန်စွမ်းသူများ Screen Reader အသုံးပြုဖတ်ရှုနိုင်အောင် ပြုလုပ်ပါ။<br>▪ မသန်စွမ်းသူများ လွယ်ကူစွာလက်လှမ်းမီသုံးစွဲနိုင်မှုအတွက် အသုံးပြုမည့်ဆက်သွယ်ရေးနည်းလမ်းနှင့် ထုတ်လုပ်သည့် သတင်းအချက်အလက်နှင့်ပညာပေးပစ္စည်းကို သက်ဆိုင်ရာအသုံးပြုသူအချို့နှင့် Pre-Testing ပြုလုပ်ပြီး တုန့်ပြန်အကြံပြုချက်ရယူ ဆောင်ရွက်ပါ။ |

## ၇။ မသန်စွမ်းမှုအလိုက် လက်လှမ်းမီသုံးစွဲနိုင်သည့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းလမ်းနှင့် ပညာပေးပစ္စည်းအမျိုးအစားများ

| **အမျိုးအစား** | **အမြင်အာရုံ မသန်စွမ်းသူ** | **အကြားအာရုံ မသန်စွမ်းသူ** | **ဉာဏ်ရည် မသန်စွမ်းသူ** | **ကိုယ်အင်္ဂါ မသန်စွမ်းသူ** |
|---|---|---|---|---|
| ပုံနှိပ်စာ (စာရွက်/စာစောင်/စာအုပ်/ ပိုစတာ/ဘေလ်ဘုတ်) | | *အဆင်ပြေသည်* | *နားလည်ရလွယ်ကူသည့် ရုပ်ပုံအခြေပြုမက်ဆေ့များ* | *အဆင်ပြေသည်* |
| ရုပ်ပုံ | | *အဆင်ပြေသည်* | *အဆင်ပြေသည်* | *အဆင်ပြေသည်* |
| အသံဖိုင်/ရေဒီယို | *အဆင်ပြေသည်* | | *ရိုးရှင်းလွယ်ကူသော စကားပြောများ* | *အဆင်ပြေသည်* |
| ဗွီဒီယို | *အသံကြားသည်* | *ရုပ်မြင်သည်၊ စာတမ်းထိုးနှင့် လက်* | *အဆင်ပြေသည်* | *အဆင်ပြေသည်* |

| | | | | |
|---|---|---|---|---|
| | | *သင်္ကေတပြ ဘာသာစကား ပါရှိလျှင် အဆင်ပြေသည်* | | |
| အီလက်ထရောနစ်ဖိုင် | *အဆင်ပြေသည်* | *အဆင်ပြေသည်* | *ရုပ်ပုံအခြေပြု နားလည်ရလွယ်ကူသည့်မက်ဆေ့များ* | *အဆင်ပြေသည်* |
| ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များ | *Screen Reader ဖြင့် ဖတ်နိုင်သည်* | *အဆင်ပြေသည်* | *ရုပ်ပုံအခြေပြု နားလည်ရလွယ်ကူသည့် အကြောင်းအရာများ* | *အဆင်ပြေသည်* |

## ၈။ ဆောင်ရွက်ရမည့်နည်းလမ်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်

<u>လက်လှမ်းမီရယူသုံးစွဲနိုင်မှုစစ်ဆေးခြင်းလုပ်ငန်းအဖွဲ့ (Accessibility Audit Team) ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။</u> (သက်ဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းတစ်ခုခုကို ဖိတ်ခေါ်ငှါးရမ်းဆောင်ရွက်နိုင်သလို မိမိအဖွဲ့အစည်းကိုယ်တိုင်လည်း ဆောင်ရွက်နိုင်ပါသည်။)

- အဖွဲ့ဝင်အနည်းဆုံး ၅ ဦးပါဝင်သည့် လက်လှမ်းမီရယူသုံးစွဲနိုင်မှုစစ်ဆေးခြင်းလုပ်ငန်းအဖွဲ့ (Accessibility Audit Team)တစ်ခုကို ဖွဲ့စည်းပါ။ ယင်းအဖွဲ့တွင် မိမိအဖွဲ့အစည်း၏ Disability Focal Point နှင့် ဆက်စပ်ဝန်ထမ်းများ၊ မသန်စွမ်းမှုတစ်မျိုးချင်းစီအလိုက် ဆက်စပ်အတွေ့အကြုံရှိကိုယ်စားလှယ်များ၊ အဆောက်အဦးဆိုင်ရာ ပညာရှင်များနှင့် မသန်စွမ်းသူများအရေး ကျွမ်းကျင်သူများ ပါဝင်ပါစေ။ အမျိုးသမီးပါဝင်မှု မျှတပါစေ။ ပါဝင်သူများအတွက် လိုအပ်သည့် သင့်တင့်လျောက်ပတ်သောအစီအမံများ (Reasonable Accommodation) စီစဉ်ဖြည့်ဆည်းပေးပါ။
- အဖွဲ့တွင် ပါဝင်သူများကို အောက်ပါအတိုင်း စုဖွဲ့တာဝန်ပေးပါ။ (အဖွဲ့ခေါင်းဆောင်၊ စစ်ဆေးတိုင်းတာသူ၊ မှတ်တမ်းရေးသွင်းသူ၊ ဓါတ်ပုံရိုက်ကူးသူ၊ အစီရင်ခံစာရေးသားမည့်သူနှင့် Action Plan ရေးဆွဲမည့်သူ အစရှိသည်)

| စဉ် | အမည် | လိင် | မသန်စွမ်းမှု | ကျွမ်းကျင်မှုနယ်ပယ် | ပါဝင်သည့်အခန်းကဏ္ဍနှင့် အဓိကတာဝန် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

- အဖွဲ့တွင် ပါဝင်သူများကို ရည်ရွယ်ချက်နှင့်လုပ်ဆောင်မည့်အစီအစဉ်များ အကျဉ်းချုပ်ရှင်းပြပြီး Orientation ပေးပါ။
- မိမိအဖွဲ့က စစ်ဆေးရမည့် အဆောက်အဦး၊ နေရာထိုင်ခင်းနှင့် ဆက်စပ်အသုံးအဆောင်ပစ္စည်းများကို အကြိုသွားရောက်ကြည့်ရှုမှတ်သားပါ။ စစ်ဆေးရမည့်နေရာများကို ပုံကြမ်းနှင့်လမ်းကြောင်း ဆွဲပါ။
- စစ်ဆေးမည့်နေရာနှင့် လုပ်ငန်းစဉ်များပေါ် မူတည်၍ လမ်းညွှန်၏မည်သည့်အပိုင်းများအား အဓိက အသုံးပြုမေးမြန်း/စစ်ဆေးရမည်ကို သိရှိအောင်လုပ်ပါ။ ယင်းအတွက် မေးခွန်းတွဲများကို အစဉ်လိုက်

လိုအပ်သလို ပြင်ဆင်ထားပါ။ လမ်းညွှန်နှင့်အဆိုပါမေးခွန်းတွဲများကို အဖွဲ့တွင် ပါဝင်သည့်အဖွဲ့ဝင်များ (အထူးသဖြင့် မသန်စွမ်းသူများ) လက်လှမ်းမီရယူအသုံးပြုနိုင်သည့်ပုံစံဖြင့် ပြင်ဆင်ပါ။

- စစ်ဆေးတိုင်းတာမှုပြုလုပ်စဉ်အတွင်း အသုံးပြုရန်အတွက် စင်တီမီတာအတိုင်းအတာပါရှိသည့်ပေကြိုးတစ်ခု၊ လုံးပါတ်အချင်းကို တိုင်းတာသည့် ကာလစ်ပါကျင်တွယ်တစ်ခု၊ ဂဏာန်းပေါင်းစက်တစ်ခု၊ ခဲတံတစ်ချောင်း၊ စာရေးဘောင်တစ်ခုနှင့် ကင်မရာတစ်လုံးတို့ကို စုဆောင်းပြင်ဆင်ထားပါ။
- ဆွေးနွေးသဘောတူထားသည့်နေ့ရက်နှင့်အချိန်တွင် Audit လုပ်ငန်းစဉ်ကို စတင်နိုင်ပါပြီ။ လျာထားထားသော အဆောက်အဦးနှင့်လမ်းကြောင်းအတိုင်း စစ်ဆေးတိုင်းတာမေးမြန်းမှုများ ပြုလုပ်သွားပါ။ ထိုသို့ပြုလုပ်နေစဉ်အတွင်း စိတ်ဝင်စားသူများရှိပါက လေ့လာသူအဖြစ် ပါဝင်အတွေ့အကြုံရယူပူပါစေ။
- လုပ်ဆောင်ချက်နှင့် စစ်ဆေးတိုင်းတာမှုများအားလုံးကို မှတ်တမ်းတင်ပါ။ တွေ့ရှိချက်များအပေါ် အခြေခံပြီး ရှေ့လုပ်ငန်းစဉ် (Action Plan) ရေးဆွဲကာ ဦးစားပေးများ သတ်မှတ်ပါ။ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်လျာထားပါ။ ယင်းသို့တွက်ချက်ရာတွင် အဆောက်အဦးဆိုင်ရာ ပညာရှင်များ၊ မသန်စွမ်းသူများအရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကူအညီကို ရယူဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက Supplier များထံမှ ဈေးနှုန်းစုံစမ်းခြင်းတို့ကို ပြုလုပ်ပါ။ အားလုံးဆောင်ရက်ပြီးပါက မိမိအဖွဲ့အစည်း၏စီမံအုပ်ချုပ်မှုပိုင်းမှတာဝန်ရှိသူများကိုတင်ပြပြီး အတည်ပြုချက်ရယူ ဆက်လက်ဆောင်ရွက်ပါ။

## ၉။ လွယ်ကူစွာလက်လှမ်းမီသုံးစွဲနိုင်မှုစစ်ဆေးခြင်းမေးခွန်းလွှာ Accessibility Audit Questionnaires

၁။ Auditor အမည်/အဖွဲ့အစည်း ..........................................................................................................

၂။ Audit အဖွဲ့တွင် ပါဝင်ဆောင်ရွက်သူများ

| စဉ် | အမည် | လိင် | မသန်စွမ်းမှု | ကျွမ်းကျင်မှုနယ်ပယ် | ပါဝင်သည့်အခန်းကဏ္ဍနှင့် အဓိကတာဝန် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

၃။ Audit ပြုလုပ်သည့်အဆောက်အဦး/နေရာနှင့် လိပ်စာ (အပြည့်အစုံ)

..........................................................................................................................................................

..........................................................................................................................................................

၄။ Audit ပြုလုပ်သည့်နေ့ ..........................................................................

၅။ Audit ပြုလုပ်သည့်အချိန် ..............................နာရီမှ ..............................နာရီထိ.

**အပိုင်း (က) အထွေထွေ**

၁။ အဖွဲ့အစည်းသည် မသန်စွမ်းသူများ/မသန်စွမ်းအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ဖူးပါသလား။

- ☐ လုပ်ဆောင်ဖူးပါသည်
- ☐ မလုပ်ဆောင်ဖူးသေးပါ
- ☐ မသိပါ

၂။ အဖွဲ့အစည်းသည် Accessibility Audit ပြုလုပ်ဖူးပါသလား။

- ☐ မပြုလုပ်ဖူးသေးပါ။
- ☐ ၁ ကြိမ်နှင့် ၃ ကြိမ်အကြား ပြုလုပ်ဖူးပါသည်။
- ☐ ၃ ကြိမ်နှင့်အထက် ပြုလုပ်ဖူးပါသည်။
- ☐ မသိပါ။

**အပိုင်း (ခ) အဖွဲ့အစည်းရှိ လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာ မူဝါဒ၊ စနစ်နှင့် ကျင့်သုံးမှုများအခြေအနေ**

| **စဉ်** | **စစ်ဆေးရန်မေးခွန်း** | **Yes** | **No** | **Don't Know/ NA** | **မှတ်ချက်** | **အဆိုပြုလုပ်ငန်းစဉ်** *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | သင်၏အဖွဲ့အစည်းသည် "လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှု" အကြောင်း သိရှိပါသလား။ | | | | | |
| ၂ | သင်၏အဖွဲ့အစည်းတွင် "လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာမူဝါဒ" ရှိပါသလား။ ရှိပါက မည်သို့ရှိကြောင်း မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |
| ၃ | သင်၏အဖွဲ့အစည်းသည် လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှု အခြေအနေအား စစ်ဆေးအကဲဖြတ်မှု (သို့) မြှင့်တင်ဆောင်ရွက်မှု ပြုလုပ်ပါသလား။ ပြုလုပ်ပါက မည်သို့ဆောင်ရွက်ကြောင်း မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |
| ၄ | သင်၏အဖွဲ့အစည်းတွင် ထိုသို့ လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှု အခြေအနေအား စစ်ဆေးအကဲဖြတ်မှု (သို့) မြှင့်တင်ဆောင်ရွက်မှု ပြုလုပ်ရာတွင် မသန်စွမ်းသူများ/ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသောအဖွဲ့အစည်းများကို ဖိတ်ခေါ်အကြံဉာဏ်ရယူ ဆောင်ရွက်ပါသလား။ ဆောင်ရွက်ပါက မည်သို့ဆောင်ရွက်ကြောင်း မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |
| ၅ | သင်၏အဖွဲ့အစည်းသည် မသန်စွမ်းသူများကို ဖိတ်ခေါ်/ ဆောင်ရွက်သည့်အခါ မည်သို့သော "သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်း/ စီစဉ်ဖြည့်ဆည်းပေးမှုများ (Reasonable Accommodation)" လိုအပ်ကြောင်း မေးမြန်းသည့်အလေ့အထ ရှိပါသလား။ (ဥပမာ - လက်သင်္ကေတပြဘာသာပြန်၊ မျက်မမြင်လက်စမ်းစာ၊ အကူလူ၊ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | လက်လှမ်းမီအဆင်ပြေသော အဆောက်အဦးနေရာထိုင်ခင်း၊ သယ်ယူပို့ဆောင်ရေး စသည်)။ | | | | | |
| ၆ | သင်၏အဖွဲ့အစည်းသည် ထိုသို့မေးမြန်းထားသည့် (သို့မဟုတ်) မသန်စွမ်းသူများက တောင်းခံသည့် “သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်း/ စီစဉ်ဖြည့်ဆည်းပေးမှုများ (Reasonable Accommodation)" ကို မှတ်တမ်းထားရှိပါသလား။ | | | | | |
| ၇ | သင်၏အဖွဲ့အစည်းသည် ထိုသို့မေးမြန်းထားသည့် (သို့မဟုတ်) မသန်စွမ်းသူများက တောင်းခံသည့် “သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်း/ စီစဉ်ဖြည့်ဆည်းပေးမှုများ (Reasonable Accommodation)" ကို စီစဉ်ဖြည့်ဆည်းပေးပါသလား။ | | | | | |
| ၈ | သင်၏အဖွဲ့အစည်းသည် ထိုသို့မေးမြန်းထားသည့် (သို့မဟုတ်) မသန်စွမ်းသူများက တောင်းခံသည့် “သင့်တင့်လျောက်ပတ်သည့် နေရာထိုင်ခင်း/ စီစဉ်ဖြည့်ဆည်းပေးမှုများ (Reasonable Accommodation)" အတွက် ဘတ်ဂျက်လျာထားမှုရှိပါသလား။ | | | | | |
| ၉ | သင်၏အဖွဲ့အစည်းသည် ထိုသို့မေးမြန်းထားသည့် (သို့မဟုတ်) မသန်စွမ်းသူများက တောင်းခံသည့် “သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်း/ စီစဉ်ဖြည့်ဆည်းပေးမှုများ (Reasonable Accommodation)" ကို မည်သို့ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဝန်ထမ်းများကို အသိပေး/သင်တန်းပေးထားပါသလား။ ပေးထားပါက မည်သို့ပေးထားကြောင်း မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |
| ၁၀ | သင်၏အဖွဲ့အစည်းသည် မသန်စွမ်းသူများအကျုံးဝင်မှုနှင့်လွယ်ကူစွာ လက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် သင်တန်း (သို့မဟုတ်) သတင်းအချက်အလက်များ ရရှိလိုပါသလား။ မည်သည်တို့ကို ရရှိလိုကြောင်း မှတ်ချက်ကော်လံတွင် ဖော်ပြပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁ | သင်၏အဖွဲ့အစည်းသည် မသန်စွမ်းသူများအတွက် “သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်း/ စီစဉ်ဖြည့်ဆည်းပေးမှုများ (Reasonable Accommodation)" ဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့အစည်းများကို နှိုးဆော်တိုက်တွန်းလေ့ရှိပါသလား။ | | | | | |

## အပိုင်း (ဂ) အဆောက်အဦးဆီသို့ လာရောက်ရာလမ်းကြောင်း

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don’t Know/NA | မှတ်ချက် | **အဆိုပြုလုပ်ငန်းစဉ်**<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဆောက်အဦး၏အပြင်ဘက် အများပြည်သူမြင်သာသည့်နေရာတွင် လမ်းညွှန်ဆိုင်းဘုတ် ရှိပါသလား။ | | | | | |
| ၂ | ရှိလျှင် ယင်းဆိုင်းဘုတ် (များ) သည် အလွယ်တကူလက်လှမ်းမီဖတ်ရှု/ နားလည်သိရှိနိုင်သည့် (သို့မဟုတ်) အများပြည်သူအလွယ်တကူမြင်ရသည့် အနေအထားရှိပါသလား (ဥပမာ - အရွယ်အစား/စာလုံးကြီးကြီး၊ ရှင်းလင်းသောအရောင်များ သို့မဟုတ် ဒေသသုံးဘာသာစကားတို့ဖြင့် စသည်)။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၃ | ရပ်ရွာလမ်းကြောင်း/လမ်းမများမှ အဆောက်အဦးဆီသို့လာရောက်ရာ လမ်းသည် မသန်စွမ်းသူများ အထူးသဖြင့် ဝှီးချဲလ်/ဂျိုင်းထောက်/ မျက်မြင်လမ်းလျှောက်တုတ်အသုံးပြုသူများအတွက် အဟန့်အတား ကင်းရှင်းပါသလား (ဥပမာ - လျှောက်လမ်းတလျှောက်တွင် ခလုတ်ကန်သင်းများ/အထစ်များ၊ ချိုင့်ခွက်များ၊ မညီညာသော ပလက်ဖောင်းများ၊ မြောင်းပေါက်များ၊ လမ်းလယ်ခါတ်တိုင်/ ကြော်ငြာဆိုင်းဘုတ်များ၊ အရပ်နှင့်မလွတ်သည့်အရာများ၊ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | မိုးတွင်းကာလဖြစ်ပါက ရွံ့ဗွက်များ၊ စသည်)။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၄ | အပြင်ဘက်မှ အဆောက်အဦးဝင်ပေါက်ဆီသို့လာရောက်ရာ လမ်းသည် အနည်းဆုံးဗျက်အကျယ် ၁၂၀ စင်တီမီတာရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၅ | အပြင်ဘက်မှ အဆောက်အဦးဝင်ပေါက်ဆီသို့လာရောက်ရာလမ်းတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် လမ်းပြပေးသည့် မျက်မမြင်လျှောက်လမ်း ရှိပါသလား။ ရှိပါက မည်သို့ရှိကြောင်း မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၆ | အပြင်ဘက်မှ အဆောက်အဦးဝင်ပေါက်ဆီသို့လာရောက်ရာလမ်းတွင် လက်ကိုင်တန်းများရှိပါက ယင်းလက်ကိုင်တန်းများ၏အမြင့်သည် ၇၀ စင်တီမီတာနှင့် ၉၀ စင်တီမီတာအကြားတွင် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၇ | အပြင်ဘက်မှ အဆောက်အဦးဝင်ပေါက်ဆီသို့လာရောက်ရာလမ်းတွင် လက်ကိုင်တန်းများရှိပါက ယင်းလက်ကိုင်တန်းများ၏လုံးပတ်အချင်းသည် ၄ စင်တီမီတာနှင့် ၅ စင်တီမီတာအတွင်း ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၈ | အဆောက်အဦးသို့လာရောက်ရာတွင်အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုသည် မသန်စွမ်းသူများအတွက် လွယ်ကူလက်လှမ်းမီစွာရယူအသုံးပြုနိုင်သည့်အနေအထားရှိပါသလား။ (ဥပမာ - ယာဉ်/ရထားများသည် ဝှီးချဲလ်/အထောက်အကူပြုပစ္စည်းအသုံးပြုသူများ အလွယ်တကူ စီးနင်းအသုံးပြုနိုင်မှု ရှိ/မရှိ၊ စရိတ်စက လက်လှမ်းမီနိုင်မှု ရှိ/မရှိ စသည်)။ လက်ရှိတွင် မည်သို့လာရောက်ကြကြောင်း မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |

## အပိုင်း (ဃ) ကားပါကင်/ကားရပ်နားရန်နေရာ

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | မသန်စွမ်းသူများ အထူးသဖြင့် ဝှီးချဲလ်အသုံးပြုသူများ လက်လှမ်းမီအသုံးပြုနိုင်သည့် ကားပါကင်ရှိပါသလား။ လိုအပ်ပါက မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၂ | ရှိပါက ယင်းကို မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်ကြောင်း အမှတ်အသား ပြုလုပ်ထားပါသလား။ | | | | | |
| ၃ | မသန်စွမ်းသူများအသုံးပြုနိုင်သည့်ကားပါကင်ရှိပါက ကားနှစ်စီးကြား အကွာအဝေးသည် အနည်းဆုံး ၁၂၀ စင်တီမီတာအကျယ်နေရာ ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၄ | မသန်စွမ်းသူများအသုံးပြုနိုင်သည့်ကားပါကင်ရှိပါက ယင်းသည် အဆောက်အဦးသို့ဝင်ပေါက် (သို့မဟုတ်) ဓါတ်လှေကားနှင့် အနီးဆုံးနေရာ (မီတာ ၃၀ အတွင်း)တွင် ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၅ | မသန်စွမ်းသူများအသုံးပြုနိုင်သည့်ကားပါကင်ရှိပါက ယင်းမှ မြင်သာသည့်နေရာအနေအထားတွင် အဆောက်အဦးဝင်ပေါက် (သို့မဟုတ်) ဓါတ်လှေကားသို့ညွှန်ပြသည့် လမ်းညွှန်အမှတ်အသား ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၆ | မသန်စွမ်းသူများအသုံးပြုနိုင်သည့်ကားပါကင်ရှိပါက ယင်းမှ အဆောက်အဦးဝင်ပေါက် (သို့မဟုတ်) ဓါတ်လှေကားသို့သွားရာလမ်းသည် မသန်စွမ်းသူများအတွက် အတားအဆီးကင်းရှင်းပါသလား။ (ဥပမာ - အထစ်များ၊ ခလုတ်ကန်သင်းများ၊ ကျဉ်းမြောင်းသည့်နေရာများ၊ အရပ်နှင့်မလွတ်သည့်အရာများ စသည်)။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | အစောင့်/လုံခြုံရေးဝန်ထမ်း (သို့မဟုတ်) ကားပါကင်အတွက် အကူအညီပေးသည့်ဝန်ထမ်းသည် မသန်စွမ်းသူများအား မည်သို့အကူအညီပေးရမည်ကို သိရှိပါသလား/ သင်တန်းရရှိထားပါသလား။ မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |

**အပိုင်း (c) အဆောက်အဦးသို့အဝင်နေရာ**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | **အဆိုပြုလုပ်ငန်းစဉ်**<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဆောက်အဦး၏အပြင်ဘက်မြေပြင်သည် ဝင်ပေါက်တံခါးကြမ်းပြင်နှင့် တပြေးညီတည်းရှိပါသလား။ လက်ရှိအခြေအနေကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၂ | အဆောက်အဦး၏ဝင်ပေါက်တံခါးမကြီးဆီသို့ ဝင်လာရာလျှောက်လမ်းတွင် လုံလောက်သော အလင်းရောင် ရရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၃ | အဆောက်အဦး၏ဝင်ပေါက်တံခါးမကြီးဆီသို့ အဝင်နေရာတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် သိသာစေနိုင်သည့် အမှတ်အသား/အသံစနစ် ရှိပါသလား။ | | | | | |
| ၄ | အဆောက်အဦး၏ဝင်ပေါက် သို့မဟုတ် အနီးအပါး မြင်သာသည့်နေရာတွင် ယင်းအဆောက်အဦး၏ အတွင်းပိုင်းလမ်းညွှန်ပြမြေပုံ(Floor plan) ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |
| | အဆောက်အဦး၏ဝင်ပေါက် သို့မဟုတ် အနီးအပါး မြင်သာသည့်နေရာတွင် အတွင်းပိုင်းလမ်းညွှန်ပြမြေပုံ(Floor plan) ရှိပါက ယင်းသည် | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သည့်အနေအထား ရှိပါသလား။ ဥပမာ - ဝှီးချဲလ်အသုံးပြုသူလက်လှမ်းမီသည့် အမြင့်အနေအထား၊ အမြင်အာရုံမသန်စွမ်းသူနှင့် အကြားအာရုံမသန်စွမ်းသူ လက်လှမ်းမီနားလည်နိုင်သည့်ပုံစံ - လက်စမ်းစာ/အသံစနစ်/ရုပ်ပုံကားချပ် စသည်)။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**မှတ်ချက်**

- အဆောက်အဦး၏ဝင်ပေါက်ရှိ တံခါးမကြီးကို စစ်ဆေးရန်အတွက် မေးခွန်းတွဲ အပိုင်း (စ)ကို အသုံးပြုပြီး ဆက်လက်တိုင်းတာစစ်ဆေးပါ။
- အဆောက်အဦး၏ဝင်ပေါက်တံခါးဝတွင် အထစ် သို့မဟုတ် လှေကားထစ်များရှိပါက မေးခွန်းတွဲ အပိုင်း (ဆ )ကို အသုံးပြုပြီး ဆက်လက်တိုင်းတာစစ်ဆေးပါ။
- အဆောက်အဦး၏ဝင်ပေါက်တံခါးဝတွင် ဆင်ခြေလျှောလမ်းရှိပါက မေးခွန်းတွဲ အပိုင်း (ဇ)ကို အသုံးပြုပြီး ဆက်လက်တိုင်းတာစစ်ဆေးပါ။

## အပိုင်း (စ) တံခါးမကြီး/တံခါး


| **စဉ်** | **စစ်ဆေးရန်မေးခွန်း** | **Yes** | **No** | **Don't Know/NA** | **မှတ်ချက်** | **အဆိုပြုလုပ်ငန်းစဉ်** *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | တံခါးမကြီး/တံခါး၏ အောက်ခြေရှိတံခါးဘောင်အမြင့်သည် တံခါး၏အပြင်ဘက် သို့မဟုတ် အတွင်းဘက်ရှိမျက်နှာပြင်ထက် ပိုမြင့်နေပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၂ | တံခါးမကြီး/တံခါး၏အောက်ခြေရှိတံခါးဘောင်အမြင့်သည် ၂ စင်တီမီတာထက် ပိုမြင့်နေလျှင် ယင်းနေရာတွင် ဆင်ခြေလျှောအနေအထားရှိပါသလား (သို့) ဖြုတ်/တပ်ပြုလုပ်နိုင်သော မျက်နှာပြင်ချော့မွတ်မနေသည့် လျှောစောက်ပြား စီစဉ်ထားရှိပေးထားပါသလား။ မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | တံခါးမကြီး/တံခါးသည် အနည်းဆုံး ဖြက်အကျယ် ၉၀ စင်တီမီတာနှင့် အမြင့် ၂၀၀ စင်တီမီတာဖြင့် ဝှီးချဲလ်အဝင်/အထွက်အတွက် လုံလောက်သည့် အကျယ်အဝန်း ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၄ | တံခါးမကြီး/တံခါးသို့ မဝင်မီနှင့် ဝင်ပြီးပြီးချင်းနေရာတွင် အနည်းဆုံး အကျယ် ၁၅၀ စင်တီမီတာပတ်လည်ခန့်ရှိသော မျက်နှာပြင်ညီအနေအထား/ လုံလောက်သောအကျယ်အဝန်း ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၅ | တံခါးမကြီး/တံခါးသည် ဆလိုက်လျှောတံခါးဖြစ်ပါသလား။ တံခါးရွက်တစ်ရွက် သို့မဟုတ် နှစ်ရွက်အနေအထား၊ အတွင်းဖွင့်/အပြင်ဖွင့်အနေအထားဖြစ်ပါက မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၆ | တံခါးမကြီး/တံခါး၏လက်ကိုင်သည် ကြမ်းပြင်မှအမြင့် ၁၂၀ စင်တီမီတာ အတွင်း အသုံးပြုရလွယ်ကူသည့်အနေအထားတွင် ရှိပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင်ဖော်ပြပေးပါ။ | | | | | |
| ၇ | တံခါးမကြီး/တံခါး၏တံခါးရွက်နှင့် လက်ကိုင်အကြား အကွာအဝေးသည် အနည်းဆုံး ၄.၅ စင်တီမီတာ ရှိပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင်ဖော်ပြပေးပါ။ | | | | | |
| ၈ | တံခါးမကြီး/တံခါးလက်ကိုင်၏အရှည်သည် ၁၂ စင်တီမီတာနှင့်အထက် ရှိပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၉ | တံခါးမကြီး/တံခါး၏တံခါးရွက်နှင့် တံခါးလက်ကိုင်တို့သည် အရောင်ကွဲပြားမှု ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၁၀ | တံခါးမကြီး/တံခါး၏သော့သည် ဖွင့်/ပိတ်ရလွယ်ကူသည့်အနေအထား ရှိပါသလား။ ဥပမာ လက်မသန်သည့်/လက်အားနည်းသည့် မသန်စွမ်းသူများအတွက် အလွယ်တကူဖွင့်နိုင်/ပိတ်နိုင်သည့်အနေအထား စသည်။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁ | တံခါးမကြီး/တံခါးတွင် အပြင်သို့ချောင်းကြည့်သည့် အပေါက်ငယ်ရှိပါက ယင်းသည် မသန်စွမ်းသူများ အထူးသဖြင့် ဝှီးချဲလ်အသုံးပြုသူ/အရပ်ပုသူများ လက်လှမ်းမီသည့်အနေအထားရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပါ။ | | | | | |
| ၁၂ | တံခါးမကြီး/တံခါးတွင် အခန်းတွင်းသို့ လူခေါ်အချက်ပေးစနစ်ရှိပါသလား။ ရှိပါက ယင်းသည် အသံဖြင့်အချက်ပေးသည့်စနစ်လော၊ အချက်ပြအရောင်ဖြင့်ပါ အချက်ပေးသည့်စနစ်လော မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**အပိုင်း (ဆ) အထစ်/လှေကားထစ်များ**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | **အဆိုပြုလုပ်ငန်းစဉ်** *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | လှေကား၏ဖြက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိပါသလား။ လက်ရှိအကျယ်ကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၂ | လှေကား၏အစနေရာနှင့် အဆုံးနေရာတို့တွင် အနည်းဆုံး ၁၅၀ စင်တီမီတာပတ်လည်ခန့် အကျယ်အဝန်းရှိသော ဝှီးချဲလ်လှည့်ရန်လုံလောက်သည့် မျက်နှာပြင်ညီညာသည့်အနေအထား ရှိပါသလား။ လက်ရှိအနေအထားကိုစင်တီမီတာဖြင့် တိုင်းတာပြီးမှတ်ချက်ကော်လံတွင်ဖော်ပြပေးပါ။ | | | | | |
| ၃ | လှေကားထစ်များ၏မျက်နှာပြင်သည် ရေစိုနေသည့်အချိန်တွင် ချော်မလဲနိုင်သည့်အနေအထား ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ |  လှေကားထစ်များသည် ပြားအကျယ် ၃၀ စင်တီမီတာနှင့် စောက်အမြင့် ၁၅ စင်တီမီတာ ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၅ | လှေကားတလျှောက်တွင် လုံလောက်သော အလင်းရောင် ရရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၆ | လှေကားများ၏ဘေးနှစ်ဘက်တွင် လက်ရန်း/လက်ကိုင်တန်းများ တပ်ဆင်ထားပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၇ | တပ်ဆင်ထားသောလက်ရန်းတန်းများသည် လှေကားအရှည်တလျှောက် အပြည့်ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၈ | လှေကားလက်ရန်းတန်းများသည် အမြင့် ၇၀ စင်တီမီတာနှင့် ၉၀ စင်တီမီတာ အကြားတွင် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာပြီး မှတ်ချက်ကော်လံတွင်ဖော်ပြပေးပါ။ | | | | | |
| ၉ | လှေကားလက်ရန်းတန်းများ၏လုံးပတ်အချင်းသည် ၄ စင်တီမီတာနှင့် ၅ စင်တီမီတာအကြား ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၁၀ | လှေကား၏အစနေရာနှင့် အဆုံးနေရာတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် အချက်ပြ/လမ်းပြပေးသည့် မျက်မမြင်လျှောက်လမ်းသင်္ကေတ ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**အပိုင်း (၈) ဆင်ခြေလျှောလမ်း**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | ဆင်ခြေလျှောလမ်း၏ဖြက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိပါသလား။ လက်ရှိအကျယ်ကို စင်တီမီတာဖြင့် တိုင်းတာပြီးမှတ်ချက်ကော်လံတွင် ဖော်ပြပါ။ | | | | | |
| ၂ | ဆင်ခြေလျှောလမ်း၏မတ်စောက်ပြေပြစ်မှုအချိုးသည် အမြင့် ၁ ပေရှိတိုင်း အနည်းဆုံးအလျား ၁၀ ပေစီ ရှိပါသလား။ လက်ရှိ မတ်စောက်မှုအချိုးကို ပေဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |
| ၃ | ဆင်ခြေလျှောလမ်း အောက်ခြေဘေးဘောင်အစွန်းတွင် အကာများ ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၄ | ဆင်ခြေလျှောလမ်းမျက်နှာပြင်သည် ရေစိုနေသည့်အချိန်တွင် ချော်မလဲနိုင်သည့်အနေအထားရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၅ | ဆင်ခြေလျှောလမ်းပေါ်တွင် မလွတ်မလပ်ချထားသည့်ပန်းအိုးများ/ ပစ္စည်းများ/အရာဝတ္ထုများ ရှိနေပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၆ | ဆင်ခြေလျှောလမ်းတွင် အမြင့် ၇၀ စင်တီမီတာနှင့် ၉၀ စင်တီမီတာအကြားရှိသော လက်ကိုင်တန်းများ တပ်ဆင်ထားပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၇ | ဆင်ခြေလျှောလမ်းတွင်တပ်ဆင်ထားသော လက်ကိုင်တန်းများသည် ဆင်ခြေလျှောလမ်းတလျှောက် နှစ်ဘက်စလုံးတွင် အပြည့်ရှိနေပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၈ | ဆင်ခြေလျှောလမ်းရှိ လက်ကိုင်တန်းများ၏လုံးပတ်အချင်းသည် ၄ စင်တီမီတာနှင့် ၅ စင်တီမီတာအတွင်း ရှိပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | လက်ကိုင်တန်းသည် နံရံတစ်ခုခုတွင် တွဲဆက်တပ်ဆင်ထားခြင်းဖြစ်ပါက လက်ကိုင်တန်းနှင့် နံရံအကြား အကွာအဝေးသည် ၄.၅ စင်တီမီတာအထက်တွင် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၁၀ | ဆင်ခြေလျှောလမ်း မတက်မီအစနေရာနှင့် တက်ပြီးအဆုံးနေရာတို့တွင် အနည်းဆုံး ၁၅၀ စင်တီမီတာပါတ်လည်ခန့် အကျယ်အဝန်းရှိသော ဗှီးချဲလ်လှည့်ရန် လုံလောက်သည့်နေရာ ရှိပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၁၁ | ဆင်ခြေလျှောလမ်းတွင် လုံလောက်သော အလင်းရောင် ရရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၁၂ | ဆင်ခြေလျှောက်လမ်းတလျှောက်တွင် အရပ်နှင့်မလွတ်ကင်းသည့်အရာများ ချိတ်ဆွဲထားပါသလား သို့မဟုတ် တွဲလောင်းကျနေပါသလား။ မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၁၃ |  ဆင်ခြေလျှောလမ်းအနီးတွင် မသန်စွမ်းသူများ လွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်သောနေရာ ဖြစ်ကြောင်းဖော်ပြသည့် နိုင်ငံတကာသုံး သင်္ကေတဖြင့် အပြာရောင်နောက်ခံတွင် အဖြူရောင် ဗှီးချဲလ်ပုံကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားပါသလား။ လက်ရှိအခြေအနေကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၁၄ | ပုံသေ အမြဲတမ်းဆင်ခြေလျှောလမ်း မရှိလျှင် အသုံးပြုနိုင်သည့် ဖြုတ်တပ်ရလွယ်ကူသော သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ယာယီ ဆင်ခြေလျှောလမ်း (သစ်သား/သံပြား) ပြုလုပ်ထားခြင်း ရှိပါသလား။ | | | | | |

**အပိုင်း (ဈ) ကော်ရစ်ဒါ**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဆောက်အဦးရှိကော်ရစ်ဒါ၏ဖြက်အကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင်ဖော်ပြပေးပါ။ | | | | | |
| ၂ | ကော်ရစ်ဒါ၏ကြမ်းခင်းမျက်နှာပြင်တလျှောက်သည် ပြေပြစ်ညီညာပြီး မချော်သည့်အနေအထားရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၃ | ကော်ရစ်ဒါတလျှောက် ချိတ်ဆွဲထားသော/တွဲလောင်းကျနေသောအရာများ ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့်တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၄ | ကော်ရစ်ဒါ၏မျက်နှာပြင်သည် ရေစိုနေသည့်အချိန်တွင် ချော်မလဲနိုင်သည့်အနေအထား ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၅ | ချော်လဲနိုင်သည့်အခြေအနေရှိပါက သတိပေးသည့် Caution Sign အသုံးပြုပါသလား။ | | | | | |
| ၆ | ကော်ရစ်ဒါတလျှောက်တွင် ခလုတ်ကန်သင်းတိုက်မိနိုင်သော အတားအဆီးများ ရှိနေပါသလား (ဥပမာ - ပန်းအိုး၊ အဝတ်လှမ်းစင်၊ သေတ္တာ၊ စားပွဲ၊ ကုလားထိုင်၊ မီးစက် စသည်)။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၇ | ကော်ရစ်ဒါတလျှောက် လုံလောက်သောအလင်းရောင် ရရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**အပိုင်း (ည) မီးခလုတ်/မီးချောင်းနှင့်မီးလုံးများ**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ်<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဆောက်အဦးအတွင်းတွင် အလင်းရောင်ကောင်းစွာရရှိရန် လုံလောက်သော မီးချောင်း/မီးလုံးများ တပ်ဆင်ထားပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၂ | မီးခလုတ်/မီးခလုတ်ခုံများသည် ကြမ်းပြင်မှ အမြင့် ၉၀ စင်တီမီတာနှင့် ၁၂၀ စင်တီမီတာအကြားတွင် ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၃ | မီးခလုတ်/မီးခလုတ်ခုံသည် အရပ်ပုသူ/ဝှီးချဲလ်အသုံးပြုသူ/အထောက်အကူပြုပစ္စည်းအသုံးပြုသူ/ဉာဏ်ရည်မသန်စွမ်းသူများ လက်လှမ်းမီသည့်အနေအထား ရှိပါသလား။ ဥပမာ - အရောင်ကွဲပြားမှု/အမှတ်အသားများ ပါရှိခြင်း ရှိ/မရှိ၊ မီးခလုတ်သည် မြင့်လွန်းခြင်း၊ မီးခလုတ်ကို လက်လှမ်းမမီစေသည့် အဟန့်အတားများ/ခလုတ်ကန်သင်းများ ရှိနေခြင်း စသည်။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၄ | မီးခလုတ်/မီးခလုတ်ခုံသည် လက်မသန်သည်/လက်အားနည်းသည့်သူများ အသုံးပြုရလွယ်ကူသည့်အနေအထား ဖြစ်ပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၅ | အမြင်အာရုံအားနည်းသူများ ကောင်းစွာမြင်တွေ့နိုင်ရန် မီးခလုတ်များကို နောက်ခံနံရံအရောင်နှင့်ကွဲပြားအောင် (သို့) ထင်ရှားပေါ်လွင်အောင် ပြုလုပ်ထားရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**အပိုင်း (၄) အခန်းလမ်းညွှန်ဆိုင်းဘုတ်**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဆောက်အဦးပရဝုဏ်အတွင်း နံရံတွင်ကပ်ထားသော/ချိတ်ဆွဲထားသော လမ်းညွှန်နှင့်သတင်းအချက်အလက်ပြဆိုင်းဘုတ်များသည် ကြမ်းပြင်မှ အမြင့် ၉၀ စင်တီမီတာနှင့် ၁၈၀ စင်တီမီတာအကြားတွင် ရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၂ | လမ်းညွှန်/သတင်းအချက်အလက်ပြဆိုင်းဘုတ်များသည် ရှင်းရှင်းလင်းလင်းရှိပြီး ထင်ရှားစွာ မြင်ရပါသလား။ ဖော်ပြထားသော စာကို သေချာစွာမြင်ရသော နောက်ခံအရောင် အသုံးပြုထားပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**အပိုင်း (၅) သန့်စင်ခန်း**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | သန့်စင်ခန်း၏အကျယ်အဝန်းသည် အနည်းဆုံး အလျား ၁၈၀ စင်တီမီတာနှင့် အနံ ၁၅၀ စင်တီမီတာ ရှိပါသလား။ မရှိလျှင် လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |
| ၂ | သန့်စင်ခန်း၏ရှေ့ဘက်အဝင်နေရာတွင် ၁၅၀ စင်တီမီတာ ပတ်လည်အကျယ်အဝန်းခန့် နေရာလွတ် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | သန့်စင်ခန်းသည် ဘိုထိုင်အိမ်သာ (သို့မဟုတ်) ထိုင်ရန်ကမုတ်ခုံပါရှိသည့် အနေအထားရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၄ | ဘိုထိုင်အိမ်သာ/ကမုတ်ခုံရှိပါက ယင်းသည် အမြင့် ၄၅ စင်တီမီတာနှင့် ၅၀ စင်တီမီတာအကြားတွင် ရှိပါသလား။ | | | | | |
| ၅ | သန့်စင်ခန်းအတွင်းတွင် အထိုင်/အထ ခက်ခဲသူများအတွက် ဘေးနှစ်ဘက်၌ လက်ကိုင်တန်းများ တပ်ဆင်ထားပါသလား။ တပ်ဆင်ထားလျှင် ယင်းလက်ကိုင်တန်းများသည် ကြမ်းပြင်မှ အမြင့် ၄၈ စင်တီမီတာနှင့် ၇၀ စင်တီမီတာအကြားတွင် ရှိပါသလား။<br>လက်ရှိအတိုင်းအတာကို စင်တီမီတာဖြင့် မှတ်ချက်ကော်လံတွင် ဖော်ပြပါ။ | | | | | |
| ၆ | လက်ကိုင်တန်းများ၏လုံးပတ်အချင်းသည် ၄ စင်တီမီတာနှင့် ၅ စင်တီမီတာအကြားတွင် ရှိပါသလား။ | | | | | |
| ၇ | လက်ကိုင်တန်းများသည် နံရံတွင် ခိုင်ခံ့မြဲမြံစွာ တွဲဆက်ထားပြီး အရွယ်ရောက်ပြီးသူတစ်ဦး၏အလေးချိန်ကို ခံနိုင်ရည်ရှိပါသလား။ | | | | | |
| ၈ | သန့်စင်ခန်းအနီး (သို့) အတွင်းတွင် လက်ဆေးဘေစင်ရှိပါသလား။ | | | | | |
| ၉ | သန့်စင်ခန်းအတွင်း/အနီးရှိ လက်ဆေးဘေစင်သည် ကြမ်းပြင်မှ အမြင့် ၈၀ စင်တီမီတာနှင့် ၈၅ စင်တီမီတာ အကြားတွင် ရှိပါသလား။<br>လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |
| ၁၀ | လက်ဆေးဘေစင်ရေပိုက်ခေါင်းတွင် လွယ်ကူစွာ ဖွင့်/ပိတ်၍ရသော လက်ကိုင်ချောင်းအရှည် ပါရှိပါသလား။ | | | | | |
| ၁၁ | လက်ဆေးဘေစင်အောက်နှင့်ကြမ်းပြင်အကြားတွင် နေရာလွတ်ရှိပါသလား။ | | | | | |
| ၁၂ | သန့်စင်ခန်းသည် လုံလုံခြုံခြုံ ရှိပါသလား။ | | | | | |
| ၁၃ | သန့်စင်ခန်းတံခါးသည် ဆလိုက်လျှောတံခါးဖြစ်ပါသလား။<br>လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၁၄ | သန့်စင်ခန်းတံခါးလက်ကိုင်များသည် အမြင့် ၈၅ စင်တီမီတာနှင့် ၁၂၀ စင်တီမီတာ အကြားတွင် ရှိပါသလား။ မရှိပါက လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅ | သန့်စင်ခန်းတံခါးသည် အတွင်းဘက်မှ အလွယ်တကူ လော့ချနိုင်သည့် အနေအထားရှိပါသလား (သို့) အရေးပေါ်အခြေအနေတွင် အပြင်ဘက်မှ အလွယ်တကူ ဖွင့်ဖျက်နိုင်သည့်အနေအထား ရှိပါသလား။ (ဥပမာ - အပြင်မှ သော့ဖြင့် ဖွင့်နိုင်သော Door Lock တပ်ဆင်ထားခြင်း ရှိမရှိ) | | | | | |
| ၁၆ | သန့်စင်ခန်းကြမ်းခင်းမျက်နှာပြင်သည် ချောမွတ်နေခြင်းမရှိ၊ ရေဆင်းကောင်းပြီး ရေစိုခံနိုင်ပါသလား။ | | | | | |
| ၁၇ | သန့်စင်ခန်းရှိ အမျိုးသားသုံး အပေ့ါသွား ဆီးသွားကမုတ်၏အမြင့်သည် ကလေးသူငယ်များ၊ အရပ်ပုသူများ၊ ဝှီးချဲလ်အသုံးပြုသူများ လက်လှမ်းမီအသုံးပြုနိုင်သော အနေအထားရှိပါသလား။ | | | | | |
| ၁၈ | သန့်စင်ခန်းအတွင်း အကြားအာရုံမသန်စွမ်းသူများ ဝင်ရောက်အသုံးပြုနေချိန် ပြင်ပတွင် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက အသိပေးနိုင်သော အချက်ပြစနစ် ထားရှိပါသလား။ | | | | | |
| ၁၉ | သန့်စင်ခန်းသို့ လာရောက်ရာလျှောက်လမ်းတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် လမ်းညွှန်လျှောက်လမ်း(Directional Tactile) ရှိပါသလား။ | | | | | |
| ၂၀ | မသန်စွမ်းသူများအသုံးပြုနိုင်သည့်သန့်စင်ခန်းဖြစ်ပါက အပြာရောင်နောက်ခံတွင် အဖြူရောင် ဝှီးချဲလ်ပုံဆိုင်းဘုတ်ဖြင့် မြင်သာသည့်နေရာတွင် ညွှန်ပြထားပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |

**အပိုင်း (၃) ရုံးခန်းနှင့်လုပ်ငန်းခွင်**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | **အဆိုပြုလုပ်ငန်းစဉ်**<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | ရုံးခန်း/အလုပ်ခန်းအဝင်/အထွက်တံခါးများအတွက် အပိုင်း (စ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၂ | ရုံးခန်း/အလုပ်ခန်းအတွင်းရှိ မီးခလုတ်/မီးချောင်း/မီးလုံးများအတွက် အပိုင်း (ည) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၃ | ရုံးခန်း/အလုပ်ခန်းအတွင်းရှိ ကုလားထိုင်များ၏နောက်ဘက် ကျောမှီအမြင့်သည် ၇၀ စင်တီမီတာနှင့် ၇၅ စင်တီမီတာအကြားတွင် ရှိပါသလား။ ဖင်ထိုင်သည့်နေရာ အမြင့်သည် ကြမ်းပြင်မှ ၄၅ စင်တီမီတာခန့်တွင် ရှိပါသလား။ | | | | | |
| ၄ | ရုံးခန်း/အလုပ်ခန်းအတွင်းရှိ စားပွဲများ၏အမြင့်သည် ၇၅ စင်တီမီတာနှင့် ၈၀ စင်တီမီတာအကြားတွင် ရှိပါသလား။ | | | | | |
| ၅ | စားပွဲ/လုပ်ငန်းသုံးခုံများ တစ်ခုနှင့်တစ်ခုအကြားတွင် ဝှီးချဲလ်အသုံးပြုသူ/အထောက်အကူပြုပစ္စည်းအသုံးပြုသူများ သွားလာရန်အတွက် အနည်းဆုံး ၁၂၀ စင်တီမီတာအကျယ် ရှိပါသလား။ | | | | | |
| ၆ | ရုံးခန်း/အလုပ်ခန်းအတွင်း အများအသုံးပြုသည့်အဓိကနေရာများသို့ သွားရာ လျှောက်လမ်းများသည် ဝှီးချဲလ်အသုံးပြုသူ/အထောက်အကူပြုပစ္စည်း အသုံးပြုသူအတွက် လုံလောက်သော အကျယ်အဝန်းရှိပါသလား။ မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၇ | ရုံးခန်း/အလုပ်ခန်း၏ ကြမ်းခင်းမျက်နှာပြင်သည် ချောမွတ်ပြီး ချော်လဲနိုင်သည့်အနေအထား ရှိပါသလား။ | | | | | |
| ၈ | ရုံးခန်း/အလုပ်ခန်းအတွင်း အဓိက နေရာများ (ဥပမာ - သောက်ရေထားရှိသည့်နေရာ၊ မကြာခဏအသုံးပြုရန်လိုအပ်သည့် ရုံး/လုပ်ငန်းသုံးပစ္စည်းများ ရယူသည့်နေရာ၊ အစရှိသည်)သို့ သွားလာရန် | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | အမြင်အာရုံမသန်စွမ်းသူများအတွက် လမ်းညွှန်လျှောက်လမ်း(Directional Tactile) ရှိပါသလား။ | | | | | |

## အပိုင်း (ဖ) တည်းခိုသည့်နေရာထိုင်ခင်း၊ မီးဖိုဆောင်နှင့်ထမင်းစားခန်း

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်း၏အဝင်/အထွက် တံခါးများအတွက် အပိုင်း (စ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၂ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းနှင့်အနီးအပါးရှိ လှေကားနှင့်လှေကားထစ်များအတွက် အပိုင်း (ဆ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၃ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းနှင့်အနီးအပါးရှိ ဆင်ခြေလျှောလမ်းများအတွက် အပိုင်း (ဇ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၄ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းရှိ ကော်ရစ်ဒါများအတွက် အပိုင်း (ဈ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၅ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းအတွင်းနှင့် အနီးအပါးရှိ မီးခလုတ်/မီးချောင်း/မီးလုံးများ အတွက် အပိုင်း (ည) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းအတွင်းနှင့် အနီးအပါးရှိ အခန်းလမ်းညွှန်ဆိုင်းဘုတ်များ အတွက် အပိုင်း (ဠ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၇ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းအတွင်း (သို့) အနီးအပါးရှိ သန့်စင်ခန်းအတွက် အပိုင်း (ဌ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၈ | တည်းခိုသည့်အဆောက်အဦးအတွင်း (သို့) အနီးရှိ ရေချိုးခန်းအတွက် အပိုင်း (ဏ) မေးခွန်းတွဲကို အသုံးပြု စစ်ဆေးတိုင်းတာပါ။ | | | | | |
| ၉ | တည်းခိုရာအဆောက်အဦးဝင်ပေါက်မှ အိပ်ခန်းကုတင်အထိ လျှောက်လမ်းအကျယ်သည် ဝှီးချဲလ်အသုံးပြုသူ/အထောက်အကူပြုပစ္စည်း အသုံးပြုသူအတွက် လုံလောက်သည့်အကျယ်အဝန်း (အနည်းဆုံး ၁၂၀ စင်တီမီတာအကျယ်) ရှိပါသလား။ | | | | | |
| ၁၀ | အိပ်ယာကုတင် တစ်ခုနှင့်တစ်ခုအကြား (သို့) အိပ်ရာကုတင်ဘေးတွင် ဝှီးချဲလ်အသုံးပြုသူ/အထောက်အကူပြုပစ္စည်းအသုံးပြုသူ လွယ်ကူစွာရွှေ့လျားရန်အတွက် လုံလောက်သည့်အကျယ်အဝန်းနေရာ (အနည်းဆုံး ၁၂၀ စင်တီမီတာအကျယ်) ရှိပါသလား။ | | | | | |
| ၁၁ | ကုတင်၏အမြင့်သည် ကြမ်းပြင်မှ ၄၇ စင်တီမီတာနှင့် ၅၈ စင်တီမီတာအကြားတွင် ရှိပါသလား။ | | | | | |
| ၁၂ | တည်းခိုသည့်အခန်းများမှ မီးဖိုဆောင်/ထမင်းစားခန်းသို့သွားရာ လျှောက်လမ်းတွင် ခလုတ်ကန်သင်း/အဟန့်အတားများ ရှိပါသလား။ | | | | | |
| ၁၃ | တည်းခိုသည့်အခန်းများမှ မီးဖိုဆောင်/ထမင်းစားခန်းသို့သွားရာ လျှောက်လမ်းအကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိပါသလား။ | | | | | |
| ၁၄ | ထမင်းစားခန်းအဝင်ဝမှ အစားအသောက်ထားရှိသည့်နေရာအကြား လျှောက်လမ်းအကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိပါသလား။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅ | အစားအသောက်ထားရှိသည့်စင် (သို့) စားပွဲသည် မသန့်စွမ်းသူ (အထူးသဖြင့် အရပ်ပုသူ/ဝှီးချဲလ်အသုံးပြုသူ/အထောက်အကူပြုပစ္စည်းအသုံးပြုသူ) လက်လှမ်းမီသည့်အနေအထား ရှိပါသလား။ | | | | | |
| ၁၆ | ထမင်းစားစားပွဲ တစ်ခုနှင့်တစ်ခုအကြားတွင် ဝှီးချဲလ်အသုံးပြုသူ/ အထောက်အကူပြုပစ္စည်းအသုံးပြုသူများ ရွှေ့လျား သွားလာရန်အတွက် အနည်းဆုံး ၁၂၀ စင်တီမီတာအကျယ် ရှိပါသလား။ | | | | | |
| ၁၇ | ထမင်းစားစားပွဲများသည် ကြမ်းပြင်မှ အမြင့် ၉၀ စင်တီမီတာနှင့် ၁၂၀ စင်တီမီတာ အကြားတွင် ရှိပါသလား။ | | | | | |
| ၁၈ | ထမင်းစားစားပွဲများ၏အောက်ခြေတွင် ချုပ်တန်းများရှိနေပါသလား။ | | | | | |
| ၁၉ | ထမင်းစားခန်းရှိ ကုလားထိုင်များ၏နောက်ဘက်ကျောမှီအမြင့်သည် ၇၀ စင်တီမီတာနှင့် ၇၅ စင်တီမီတာအကြားတွင် ရှိပါသလား။ ဖင်ထိုင်သည့်နေရာ အမြင့်သည် ကြမ်းပြင်မှ ၄၅ စင်တီမီတာခန့်တွင် ရှိပါသလား။ | | | | | |
| ၂၀ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းအနီး (သို့) အတွင်းတွင် လက်ဆေးဘေစင်ရှိပါသလား။ | | | | | |
| ၂၁ | ထမင်းစားခန်းမှ လက်ဆေးဘေစင်သို့သွားရာ လျှောက်လမ်းအကျယ်သည် အနည်းဆုံး ၁၂၀ စင်တီမီတာ ရှိပါသလား။ ခလုတ်ကန်သင်း/ အတားအဆီးများ ကင်းရှင်းပါသလား။ | | | | | |
| ၂၂ | တည်းခိုသည့်အဆောက်အဦး၊ မီးဖိုဆောင်နှင့်ထမင်းစားခန်းအတွင်း/အနီးရှိ လက်ဆေးဘေစင်သည် ကြမ်းပြင်မှ အမြင့် ၈၀ စင်တီမီတာနှင့် ၈၅ စင်တီမီတာ အကြားတွင် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |
| ၂၃ | လက်ဆေးဘေစင်ရေပိုက်ခေါင်းတွင် လွယ်ကူစွာ ဖွင့်/ပိတ်၍ရသော လက်ကိုင်ချောင်းအရှည် ပါရှိပါသလား။ | | | | | |
| ၂၄ | လက်ဆေးဘေစင်အောက်နှင့်ကြမ်းပြင်အကြားတွင် နေရာလွတ်ရှိပါသလား။ | | | | | |

## အပိုင်း (ဏ) ရေချိုးခန်း

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don’t Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ်<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | ရေချိုးခန်း၏အကျယ်အဝန်းသည် အနည်းဆုံး အလျား ၁၈၀ စင်တီမီတာနှင့် အနံ ၁၅၀ စင်တီမီတာ ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာပြီး မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၂ | ရေချိုးခန်း၏ရှေ့ဘက်အဝင်နေရာတွင် ၁၅၀ စင်တီမီတာ ပတ်လည်အကျယ်အဝန်းခန့် နေရာလွတ် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |
| ၃ | ရေချိုးခန်းရှိ လက်ကိုင်ရေပန်းသည် ကြမ်းပြင်မှ အမြင့် ၁၂၀ စင်တီမီတာအတွင်း အနိမ့်အမြင့်ချိန်ညှိနိုင်သော အနေအထားရှိပါသလား။ ဆိုလိုသည်မှာ အရပ်ပုသူနှင့် ဝှီးချဲလ်အသုံးပြုသူများ လက်လှမ်းမီပါသလား။ | | | | | |
| ၄ | ရေချိုးခန်းအတွင်းတွင် အမြင့် ၄၅ နှင့် ၅၀ စင်တီမီတာအကြားရှိသော တောင့်တင်းခိုင်မာသည့် ရေစိုခံထိုင်ခုံ ထားရှိပါသလား၊ သို့မဟုတ် ရရှိနိုင်ပါသလား။ | | | | | |
| ၅ | ရေချိုးခန်းအတွင်းတွင် ဆပ်ပြာ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါနှင့် သဘက်တို့ ထားရှိပါက ယင်းတို့သည် ဝှီးချဲလ်အသုံးပြုသူ လက်လှမ်းမီသည့်အနေအထား ရှိပါသလား။ | | | | | |
| ၆ | ရေချိုးခန်းအတွင်း ရေချိုးသူအသုံးပြုသည့်နေရာတွင် အမြင့် ၄၈ စင်တီမီတာနှင့် ၇၀ စင်တီမီတာအကြားရှိသော လက်ကိုင်တန်းများ တပ်ဆင်ထားပါသလား။ လက်ရှိအတိုင်းအတာကို စင်တီမီတာဖြင့် ဖော်ပြပါ။ | | | | | |
| ၇ | လက်ကိုင်တန်းများ၏လုံးပတ်အချင်းသည် ၄ စင်တီမီတာနှင့် ၅ စင်တီမီတာအကြားတွင် ရှိပါသလား။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | လက်ကိုင်တန်းများသည် နံရံတွင် ခိုင်ခံ့မြဲမြံစွာ တွဲဆက်ထားပြီး အရွယ်ရောက်ပြီးသူတစ်ဦး၏အလေးချိန်ကို ခံနိုင်ရည်ရှိပါသလား။ | | | | | |
| ၉ | ရေချိုးခန်းအတွင်း/အနီးအပါးတွင် လက်ဆေးဘေစင်ရှိပါသလား။ | | | | | |
| ၁၀ | ရေချိုးခန်းအတွင်း/အနီးရှိ လက်ဆေးဘေစင်သည် ကြမ်းပြင်မှ အမြင့် ၈၀ စင်တီမီတာနှင့် ၈၅ စင်တီမီတာ အကြားတွင် ရှိပါသလား။ လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပေးပါ။ | | | | | |
| ၁၁ | လက်ဆေးဘေစင်ရေပိုက်ခေါင်းတွင် လွယ်ကူစွာ ဖွင့်/ပိတ်၍ရသော လက်ကိုင်ချောင်းအရှည် ပါရှိပါသလား။ | | | | | |
| ၁၂ | လက်ဆေးဘေစင်အောက်နှင့်ကြမ်းပြင်အကြားတွင် နေရာလွတ်ရှိပါသလား။ | | | | | |
| ၁၃ | ရေချိုးခန်းသည် လုံလုံခြုံခြုံ ရှိပါသလား။ | | | | | |
| ၁၄ | ရေချိုးခန်းတံခါးသည် ဆလိုက်လျှောတံခါးဖြစ်ပါသလား။ လက်ရှိအနေအထားကို မှတ်ချက်ကော်လံတွင် ရှင်းပြပေးပါ။ | | | | | |
| ၁၅ | ရေချိုးခန်းတံခါးလက်ကိုင်များသည် အမြင့် ၈၅ စင်တီမီတာနှင့် ၁၂၀ စင်တီမီတာ အကြားတွင် ရှိပါသလား။ မရှိပါက လက်ရှိအနေအထားကို စင်တီမီတာဖြင့် တိုင်းတာဖော်ပြပါ။ | | | | | |
| ၁၆ | ရေချိုးခန်းတံခါးသည် အတွင်းဘက်မှ အလွယ်တကူ လော့ချနိုင်သည့် အနေအထားရှိပါသလား (သို့) အရေးပေါ်အခြေအနေတွင် အပြင်ဘက်မှ အလွယ်တကူ ဖွင့်ဖျက်နိုင်သည့်အနေအထား ရှိပါသလား။ | | | | | |
| ၁၇ | ရေချိုးခန်းကြမ်းခင်းမျက်နှာပြင်သည် ချောမွတ်နေခြင်းမရှိ၊ ရေဆင်းကောင်းပြီး ရေစိုခံနိုင်ပါသလား။ | | | | | |

**အပိုင်း (တ) အရေးပေါ်အစီအမံများ**

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ်<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အရေးပေါ်အခြေအနေတွင် မျက်မမြင်များအပါအဝင် မသန်စွမ်းသူများ သိရှိ/ထွက်ပြေးလွတ်မြောက်နိုင်သည့် လမ်းကြောင်းများ ရှိပါသလား။ | | | | | |
| ၂ | အရေးပေါ်အခြေအနေဖြစ်ပွားပါက မသန်စွမ်းသူများ သိရှိအောင် စီစဉ်ဆောင်ရွက်ထားပါသလား။ ဥပမာ - အမြင်အာရုံမသန်စွမ်းသူများ အလွယ်တကူ သိရှိရန်အတွက် အသံစနစ်၊ အကြားအာရုံမသန်စွမ်းသူများနှင့် ဉာဏ်ရည်မသန်စွမ်းသူများအလွယ်တကူသိရှိရန်အတွက် အချက်ပြမီး စသည်) | | | | | |
| ၃ | အဆောက်အဦးတွင် မသန်စွမ်းသူများလက်လှမ်းမီအသုံးပြုနိုင်သော အရေးပေါ်ဝင်ပေါက်/ထွက်ပေါက်များ ရှိပါသလား။ ရှိလျှင် ယင်းနေရာများတွင် ခလုတ်ကန်သင်းများ ကင်းရှင်းပါသလား။ | | | | | |
| ၄ | အရေးပေါ် ဖြစ်လျှင် ခိုလှုံနိုင်မည့် ဘေးလွတ်ရာနေရာကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားရှိပါသလား။ | | | | | |
| ၅ | အရေးပေါ် မီးသတ်ဆေးဗူးများ ထားရှိပါသလား။ ထားရှိလျှင် ယင်းတို့အား မည်သို့အသုံးပြုရမည်ကို ဝန်ထမ်းများ သိရှိပါသလား။ | | | | | |
| ၆ | ဝန်ထမ်းများကို မီးငြိမ်းသတ်ခြင်းသင်တန်း (သို့) အရေးပေါ်ပြောင်းရွှေ့ခြင်း လေ့ကျင့်ခန်း လေ့ကျင့်သင်ကြားပေးထားပါသလား။ | | | | | |
| ၇ | အရေးပေါ်အခြေအနေဖြစ်ပါက အဆောက်အဦး၏မည်သည့်နေရာတွင် မသန်စွမ်းသူများရှိနေသည်ကို သက်ဆိုင်ရာဝန်ထမ်းများ ကြိုတင်သိရှိအောင် ဆောင်ရွက်ထားသည့် စနစ်/အစီအမံရှိပါသလား။ | | | | | |
| ၈ | အရေးပေါ်အခြေအနေတွင် မသန်စွမ်းသူများကို မည်သို့ ပြောင်းရွှေ့စီမံ ဆောင်ရွက်ရမည်ကို သက်ဆိုင်ရာ ဝန်ထမ်းများ သိရှိပါသလား။ | | | | | |
| ၉ | အရေးပေါ်အခြေအနေအတွက် အကူအညီပေးရန် စင်တာတွင် ကား/ သယ်ယူပို့ဆောင်ရေးအစီအစဉ် ရှိပါသလား။ | | | | | |

## အပိုင်း (ထ) သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းလမ်းများနှင့် အသိပညာပေးပစ္စည်းများ

| စဉ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဖွဲ့အစည်းအကြောင်း/ဝန်ဆောင်မှုအကြောင်း IEC Matrials များ (ဥပမာ - လက်ကမ်းစာစောင်၊ ပန်းဖလက်၊ ပိုစတာ၊ အင်ဖိုဂရပ်ဖစ်၊ ဗွီဒီယို၊ အခြား စသည်) ရှိပါသလား။ | | | | | |
| ၂ | ရှိလျှင် ယင်းပစ္စည်းအမျိုးအစားများကို မသန်စွမ်းသူများလက်လှမ်းမီသည့် ပုံစံဖြင့် ရရှိနိုင်ပါသလား။ ဥပမာ - မျက်မမြင်လက်စမ်းစာ၊ စာလုံးအကြီး၊ အော်ဒီယိုအသံဖိုင်၊ စာတမ်းထိုးနှင့် လက်သင်္ကေတပြဘာသာပြန်ပါရှိသော ဗွီဒီယို၊ ဖတ်ရှုရနားလည်သည့်ပုံစံ စသည်။ | | | | | |
| ၃ | ယင်း IEC Materials များကို မြန်မာဘာသာ၊ ဒေသအလိုက် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားတို့ဖြင့် ရနိုင်ပါသလား။ ရနိုင်မည့်ဘာသာစကားအလိုက် မှတ်ချက်ကော်လံတွင် ဖော်ပြပေးပါ။ | | | | | |
| ၄ | ဗွီဒီယိုများ ထုတ်လုပ်ရာတွင် စာတမ်းထိုးခြင်း၊ လက်သင်္ကေတပြဘာသာစကား ထည့်သွင်းခြင်းတို့ ပြုလုပ်ပါသလား။ | | | | | |
| ၅ | IEC Materials များ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ မသန်စွမ်းအဖွဲ့အစည်းများထံမှ အကြံဉာဏ်ရယူဆောင်ရွက်ပါသလား။ | | | | | |
| ၆ | IEC Materials များနှင့်ဆက်သွယ်ရေးနည်းလမ်းများကို မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သည့်ပုံစံဖြင့် စီစဉ်/ထုတ်လုပ်/အသုံးပြုနိုင်ရန် ဝန်ထမ်းများကို လေ့ကျင့်အသိပေးထားပါသလား။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | IEC Materials များ ထုတ်လုပ်ရာတွင် မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဟု အဖွဲ့အစည်းတွင် မူဝါဒ/ညွှန်ကြားချက်/မှာကြားချက် ရှိပါသလား။ | | | | | |
| ၈ | တုန့်ပြန်အကြံပြုမှုနှင့်တိုင်ကြားမှုဆိုင်ရာ ယန္တရားများကို မသန်စွမ်းသူများ လက်လှမ်းမီ ဆက်သွယ်အသုံးပြုနိုင်အောင် စီမံထားပါသလား။ | | | | | |
| ၉ | မသန်စွမ်းသူများ လွယ်ကူစွာလက်လှမ်းမီသုံးစွဲနိုင်မှုအတွက် ရည်ရွယ်ဆောင်ရွက်သည့် ဆက်သွယ်ရေးနည်းလမ်း (နှင့်/သို့မဟုတ်) ထုတ်လုပ်သည့် IEC Materials များရှိပါက ယင်းတို့ကို သက်ဆိုင်ရာအသုံးပြုသူမသန်စွမ်းသူအချို့နှင့် Pre-Testing ပြုလုပ်ပြီး တုန့်ပြန်အကြံပြုချက်ရယူဆောင်ရွက်ပါသလား။ | | | | | |
| ၁၀ | မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သော IEC Materials များ ထုတ်လုပ်ဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့အစည်းများကို နှိုးဆော်တိုက်တွန်းပါသလား။ | | | | | |

**အပိုင်း (၃) စာရင်းသွင်းခြင်း၊ အသိပေးသဘောတူညီချက်ရယူမှုနှင့်လျှို့ဝှက်ထိန်းသိမ်းထားရှိမှု**

| စဥ် | စစ်ဆေးရန်မေးခွန်း | Yes | No | Don't Know/NA | မှတ်ချက် | အဆိုပြုလုပ်ငန်းစဉ် *Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အကျိုးခံစားခွင့်ရှိသူများ၏ စာရင်းသွင်းရာတွင်/မှတ်ပုံတင်ရာတွင် အသုံးပြုသည့်ဖောင်ပုံစံကို မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်အောင် ပြင်ဆင်ထားပါသလား။ ဥပမာ - မျက်မမြင်လက်စမ်းစာ၊ စာလုံးအကြီး၊ အော်ဒီယိုအသံဖိုင်၊ အီလက်ထရောနစ်ဖားရှင်း၊ ဖတ်ရှုရနားလည်သည့်ပုံစံဖြင့် စသည်။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | အကျိုးခံစားခွင့်ရှိသူများ၏အချက်အလက် ထိန်းသိမ်းလျှို့ဝှက်ထားမှုဆိုင်ရာ လမ်းညွှန်များတွင် ယုံကြည်စိတ်ချရသော/လေ့ကျင့်သင်တန်းပေးထားသော အကူအညီပေးသူများ သို့မဟုတ် ဝန်ထမ်းများနှင့်သာ သတင်းအချက်အလက်မျှဝေမည်ဖြစ်ကြောင်း တိတိကျကျ ဖော်ပြကျင့်သုံးပါသလား။ | | | | | |
| ၃ | မသန်စွမ်းသူများထံမှ မည်သို့ အသိပေးသဘောတူညီချက်(Informed consent) ရယူရမည်နှင့်နည်းလမ်းများအကြောင်း ဝန်ထမ်းများကို လေ့ကျင့်အသိပေးထားပါသလား။ | | | | | |
| ၄ | အသိပေးသဘောတူညီချက်(Informed consent)ပုံစံများကို မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သည့်အနေအထား ပြင်ဆင်ထားပါသလား။ ဥပမာ - မျက်မမြင်လက်စမ်းစာ၊ စာလုံးအကြီး၊ အော်ဒီယိုအသံဖိုင်၊ အီလက်ထရောနစ်ဖားရှင်း၊ ဖတ်ရှုရနားလည်သည့်ပုံစံဖြင့် စသည်။ | | | | | |

**အပိုင်း (ဓ) ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များ**

| **စဉ်** | **စစ်ဆေးရန်မေးခွန်း** | **Yes** | **No** | **Don't Know/NA** | **မှတ်ချက်** | **အဆိုပြုလုပ်ငန်းစဉ်**<br>*Audit ပြုလုပ်ပြီးစီးသည့်အခါ Auditor မှ ဖြည့်စွက်ရန်* |
|---|---|---|---|---|---|---|
| ၁ | အဖွဲ့အစည်း၏ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များ ဖန်တီးပြုလုပ်ရာတွင် မသန်စွမ်းသူများ (သို့) သက်ဆိုင်ရာကျွမ်းကျင်သူများထံမှ အကြံဉာဏ်ရယူဆောင်ရွက်ပါသလား။ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | အဖွဲ့အစည်း၏ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များကို မသန်စွမ်းသူများ လွယ်ကူစွာဝင်ရောက်အသုံးပြုနိုင်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ်ဖူးပါသလား။ | | | | | |
| ၃ | အဖွဲ့အစည်း၏ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များကို Screen reader အသုံးပြုသည့် မျက်မမြင်များနှင့် အမြင်အာရုံအားနည်းသူများ လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်ပါသလား။ | | | | | |
| ၄ | အဖွဲ့အစည်း၏ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များတွင် လွှင့်တင်သည့်ဗွီဒီယိုများကို စာတမ်းထိုး/ လက်သင်္ကေတပြဘာသာပြန်/ အသံစနစ် ထည့်သွင်းထားပေးပါသလား။ | | | | | |
| ၅ | အဖွဲ့အစည်း၏ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များတွင် ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဖတ်ရှုရနားလည်လွယ်ကူသော/ ရိုးရှင်းသောပုံစံများဖြင့် လက်လှမ်းမီရန် ထည့်သွင်းစီမံဆောင်ရွက်ထားပါသလား။ | | | | | |

## ၁၀။ လွယ်ကူစွာလက်လှမ်းမီသုံးစွဲနိုင်မှုစစ်ဆေးခြင်းလုပ်ငန်းအစီအရင်ခံစာပုံစံ Accessibility Audit Report Template

### ၁။ အပေါ်စာ

သက်ဆိုင်ရာ တာဝန်ရှိသူနှင့်အဖွဲ့အစည်းသို့လိပ်မူ၍ စာအမှတ်၊ ရက်စွဲ၊ အကြောင်းအရာတို့နှင့်တကွ စာကိုယ်အနှစ်ချုပ်ရေးသား၍ တင်ပြသူမှ လက်မှတ်ရေးထိုးကာ သက်ဆိုင်သူများသို့ မိတ္တူပေးပါ။

### ၂။ လုပ်ငန်းဆောင်ရွက်မှုအကြောင်းအရာ

- အစီရင်ခံစာခေါင်းစဉ်
- Audit ပြုလုပ်သည့်အဖွဲ့အစည်းအမည်
- Audit ပြုလုပ်သည့်နေရာ (အဆောက်အဦး/နေရာထိုင်ခင်းအမည်များနှင့်လိပ်စာ)
- Audit ပြုလုပ်သည့်ရက်စွဲ
- Audit အဖွဲ့တွင် ပါဝင်ဆောင်ရွက်သူများ
- အစီရင်ခံစာပြုစုရေးသားတင်ပြသူ

### ၃။ အနှစ်ချုပ်ဖော်ပြချက်

အစီရင်ခံစာတစ်ခုလုံး၏အဓိက အနှစ်ချုပ်ကို လိုတိုရှင်း ကျစ်လစ်စွာ ဖော်ပြပါ။ ရည်ရွယ်ချက်၊ နယ်ပယ်အတိုင်းအတာ၊ အဓိကတွေ့ရှိချက်များနှင့် ဦးစားပေးအကြံပြုချက်အနှစ်ချုပ်တို့ကို ထည့်သွင်းတင်ပြပါ။

### ၄။ ရည်ရွယ်ချက်

Audit ဆောင်ရွက်ရခြင်းလုပ်ငန်းရည်ရွယ်ချက်ကို ရှင်းလင်းဖော်ပြပါ။

### ၅။ လွှမ်းခြုံသည့်နယ်ပယ်

Audit မှ မည်သည့်နယ်ပယ်ကဏ္ဍတို့ကို အဓိက ဦးတည်လွှမ်းခြုံဆောင်ရွက်ကြောင်းနှင့် သက်ဆိုင်ရာ ကဏ္ဍတစ်ခုချင်းစီအလိုက် လွှမ်းခြုံပါဝင်မှုကို ရှင်းပြပါ။

### ၆။ ဆောင်ရွက်သည့်နည်းလမ်း

Audit ဆောင်ရွက်ပုံနည်းလမ်းများ၊ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အခြေခံသည့်စံနှုန်းတို့ကို အစဉ်လိုက် စနစ်ကျန အချက်အလက်ပြည့်စုံစွာ တင်ပြပါ။ အသုံးပြုသည့်လက်စွဲလမ်းညွှန်၊ ပါဝင်သူများနှင့်စုဖွဲ့ပြင်ဆင်မှု၊ မသန်စွမ်းသူများပါဝင်မှုနှင့် အချက်အလက်ကောက်ယူ/စစ်ဆေးတိုင်းတာသည့်နည်းလမ်းများကို ထည့်သွင်းတင်ပြပါ။ ပါဝင်ဆောင်ရွက်သူများအသီးသီးနှင့် ယင်းတို့၏အခန်းကဏ္ဍများကိုလည်း ထည့်သွင်းရှင်းပြပါ။

### ၇။ တွေ့ရှိချက်များ

Audit မှ တွေ့ရှိချက်များကို ကဏ္ဍအလိုက်/အကြောင်းအရာအလိုက် အောက်ပါအတိုင်း ဖော်ထုတ်သုံးသပ်တင်ပြပါ။

| **မေးမြန်း/စစ်ဆေး/တိုင်းတာသည့် နယ်ပယ်ကဏ္ဍနှင့်အကြောင်းအရာ** | **လက်ရှိအခြေအနေ** | **တွေ့ရှိချက်နှင့် အကြံပြုချက်များ** |
|---|---|---|
| | | |
| | | |
| | | |

ဖတ်ရှုသူနားလည်ရ လွယ်ကူမည့် ပုံစံ/ကားချပ်/အထောက်အထားများဖြင့်လည်း လိုအပ်သလို ပေါင်းစပ်တင်ပြပါ။

## ၈။ အဓိက ရှိနေသော အတားအဆီးများ

Audit ပြုလုပ်ခြင်းမှ အဓိက တွေ့ရှိရသော အတားအဆီးများကို မြင်သာထင်ရှားအောင် အုပ်စုအလိုက်/ကဏ္ဍအလိုက် စီစဉ်ပိုင်းခြားတင်ပြပါ။

## ၉။ အကြံပြုတိုက်တွန်းချက်များ

တိုးတက်ဆောင်ရွက်စေလိုသည့် ကာလတို၊ ကာလရှည်လုပ်ငန်းစဉ်နှင့်လုပ်ဆောင်ရမည့်အရာများကို မည်သို့ဆောင်ရွက်ရမည်ကို အကြံပြုချက်များပေးပါ။ မည်သူတို့ပါဝင်လုပ်ဆောင်၍ မည်သည့်အချိန်တွင် ပြီးစီးရမည်ကိုလည်း ဖော်ပြပါ။

## ၁၀။ ရှေ့လုပ်ငန်းစဉ်

လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်၊ တစ်ခုချင်းစီအတွက် အသေးစိတ်ဖော်ပြချက်၊ ဦးစားပေးအဆင့်အတန်း၊ တာဝန်ရှိသူ၊ ခန့်မှန်းကုန်ကျစရိတ်နှင့် လိုအပ်သောနည်းပညာ/အရင်းအမြစ်များကို လျာထားတွက်ချက် ထည့်သွင်းဖော်ပြပါ။

## ၁၁။ နိဂုံး

ခြုံငုံထင်မြင်ချက်များ၊ ပါဝင်လုပ်ဆောင်သူများအပေါ် ကျေးဇူးတင်ခြင်းနှင့် ဆက်လက်ဆောင်ရွက်ရန် လှုံ့ဆော်တွန်းအားပေးချက်များ စသည်ဖြင့် အစီရင်ခံစာရေးသားသူရှုထောင့်မှ ခြုံငုံနိဂုံးချုပ်ပေးပါ။

## ၁၂။ နောက်ဆက်တွဲပူးတွဲတင်ပြချက်များ

- မေးမြန်းစစ်ဆေးတိုင်းတာရာတွင် အသုံးပြုခဲ့သည့် မေးခွန်းလွှာနှင့် စံနှုန်းများ
- Audit Team တွင် ပါဝင်သူများ၏ကိုယ်ရေးအချက်အလက်နှင့်နောက်ခံအတွေ့အကြုံများ
- မှတ်တမ်းဓါတ်ပုံများ
- အစရှိသည်။

## ၁၁။ ရည်ညွှန်းကိုးကားချက်များ


1) UNCRPD, "Article 9 Accessibility" 2006
2) Accessibility Standards followed by MILI
3) UNFPA's Accessibility Audit Tool
4) ADA's Checklist for Readily Achievable Barrier Removal
5) Universal Design Principles – Center for Universal Design, NC State University
6) CBM Inclusive Accessibility Audit Toolkit
7) ISO 21542:2011 – Building construction — Accessibility and usability of the built environment


**ကန့်သတ်ထုတ်ဝေသည်။**